


# လုပ်ခလစာကို "ဒစ်ဂျစ်တယ်စနစ်ဖြင့် ပေးချေမှု" ဖြင့် လက်ခံရယူသည့်အခါ လိုအပ်သည့်လုပ်ဆောင်ရန်အချက်များ

အလုပ်သမားများအတွက်

အလုပ်သမားစံချိန်စံနှုန်းဥပဒေအရ လုပ်ခလစာကို ငွေသားဖြင့် ပေးချေရန်မူအားဖြင့် သတ်မှတ်ထားသော်လည်း အလုပ်သမားက သဘောတူပါက လုပ်ခကို ဘဏ် စာရင်း သို့ လွှဲပြောင်းပေးနိုင်မည်ဖြစ်သည်။ ငွေသားမဲ့ငွေပေးချေမှု အသုံးများလာ ခြင်း နှင့် ငွေလွှဲ ငွေလွှဲခြင်းနည်းလမ်းများ အမျိုးမျိုး ကွဲပြားနေသည်ဆိုသော လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် အလုပ်သမား၏ သဘောတူညီချက်ရရှိပါက ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးမှ သတ်မှတ်ထားသည့် ငွေလွှဲဝန်ဆောင်မှုပေးသူ (●●Pay စသည်တို့) ၏အကောင့်သို လုပ်အားခ(လုပ်ခလစာကို ဒစ်ဂျစ်တယ်စနစ်ဖြင့် ပေးချေမှု) ကိုလည်း ခွင့်ပြုလိုက်ပြီဖြစ်ပါသည်။



လုပ်ခလစာကို ဒစ်ဂျစ်တယ်စနစ်ဖြင့် ပေးချေမှု၏ အသေးစိတ် နှင့် ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးမှ သတ်မှတ်ထားသည့် ငွေလွှဲဝန်ဆောင်မှုပေးသူ (အသိအမှတ်ပြု ငွေလွှဲဝန်ဆောင်မှုပေးသူ) ကို ကျန်းမာရေး၊အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနဝက်ဘ်ဆိုဒ် "အသိပေးစာတမ်း"၊ "သတ်မှတ်ထားသည့် ငွေလွှဲဝန်ဆောင်မှုပေးသူစာရင်း" စသည်တို့တွင် ကိုးကားကြည့်ရှုပါ။

ကျန်းမာရေး၊အလုပ်သမားနှင့်လူမှုဖူလုံရေးဝန်ကြီးဌာနဝက်ဘ်ဆိုဒ်

## 1 လုပ်ခလစာကို ဒစ်ဂျစ်တယ်စနစ်ဖြင့် ပေးချေမှုအား လက်ခံရယူ ရာတွင်

★ဤလက်ကမ်းစာစောင်တွင် လုပ်ခလစာကို ဒစ်ဂျစ်တယ်စနစ်ဖြင့် ပေးချေမှုအား လက်ခံရယူလိုသော အလုပ်သမားအားလုံး နားလည်ထားပြီး လိုက်နာကျင့်သုံးစေလိုသည့် အကြောင်းအရာများကို အနှစ်ချုပ်၍ ဖော်ပြထားပါသည်။

● လုပ်ခလစာကို ဒစ်ဂျစ်တယ်စနစ်ဖြင့် ပေးချေမှုအား လက်ခံရယူရန်အတွက် သင်အလုပ်လုပ်နေသည့် ကုမ္ပဏီသည် လုပ်ခလစာကို ဒစ်ဂျစ်တယ်စနစ်ဖြင့် ပေးချေမှု နှင့် ပတ်သက်သည့် အလုပ်သမားစီမံခန့်ခွဲမှုသဘောတူညီချက် ※ ကိုချုပ်ဆိုထားရန် လိုအပ်ပါသည်။ ထို့အပြင် အလုပ်သမားစီမံခန့်ခွဲမှုဆိုင်ရာသဘောတူညီချက်စာချုပ်အရ သင်အလုပ် လုပ်နေသည့် ကုမ္ပဏီတွင် အသုံးပြုနိုင်သော သတ်မှတ်ထားသည့် ငွေလွှဲဝန်ဆောင်မှုပေးသူ ကို သတ်မှတ်မည်ဖြစ်သည်။

※အလုပ်သမားစီမံခန့်ခွဲမှုဆိုင်ရာသဘောတူညီချက်စာချုပ်ကို အလုပ်သမားတစ်ဝက်ကျော်ဖြင့် ဖွဲ့စည်းထားသောအလုပ်သမားသမဂ္ဂရှိပါကထိုအလုပ်သမားသမဂ္ဂ၊မရှိလျှင် အလုပ်သမားတစ်ဝက်ကျော်ကို ကိုယ်စားပြုသည့်သူ နှင့် အလုပ်ရှင်ကချုပ်ဆိုရမည်။



အကယ်၍ သင်သည်လုပ်ခလစာကို ဒစ်ဂျစ်တယ်စနစ်ဖြင့် ပေးချေမှုအား မကျင့်သုံးသည့် ကုမ္ပဏီတွင် အလုပ်လုပ်ပြီး လုပ်ခလစာကို ဒစ်ဂျစ်တယ်စနစ်ဖြင့် လက်ခံရယူလိုသည့် အခြေအနေနှင့် အသုံးပြုလိုသော သတ်မှတ်ထားသည့် ငွေလွှဲဝန်ဆောင်မှုပေးသူသည် အလုပ်သမားစီမံခန့်ခွဲမှုဆိုင်ရာသဘောတူညီချက်တွင် မပါဝင်ပါက ကုမ္ပဏီ သို့မဟုတ် အလုပ်သမားသမဂ္ဂ ဖြင့် တိုင်ပင်ဆွေးနွေးပါ။


### ⚠ ကျေးဇူးပြု၍မှတ်သားပေးပါ။

- လုပ်ခလစာကို ဒစ်ဂျစ်တယ်စနစ်ဖြင့် ပေးချေမှုအား ကျင့်သုံးရန် အတင်းအကြပ်တိုက်တွန်းခြင်းမဟုတ်ပါ။ ထို့အပြင်အလုပ်သမားက သဘောမတူပါက ပုံမှန်အတိုင်း ဘဏ်အကောင့်စသည့်ဖြင့် လုပ်ခလစာကို လက်ခံရယူနိုင်သည်။
- လုပ်ခလစာ၏တစ်စိတ်တစ်ပိုင်းကို ဒစ်ဂျစ်တယ်စနစ်ဖြင့် ပေးချေမှု၊ ကျန်သည့်အပိုင်းကို ပုံမှန်အတိုင်း ဘဏ်အကောင့်စသည့်ဖြင့် လက်ခံရယူခြင်းလည်း လုပ်နိုင်ပါသည်။
- လုပ်ခလစာကို ဒစ်ဂျစ်တယ်စနစ်ဖြင့် ပေးချေခြင်းအား ရွေးချယ်ထားသော်လည်း လုပ်ခလစာလက်ခံသည့်နည်းအား ဘဏ်အကောင့်စသည့်သို့ နောက်ပိုင်းတွင်လည်း ပြောင်းလဲနိုင်သည်။

# လိုအပ်သော လုပ်ထုံးလုပ်နည်းများ

- လုပ်ခလစာကို ဒစ်ဂျစ်တယ်စနစ်ဖြင့် ပေးချေခြင်းအား လက်ခံရယူလိုပါက လုပ်ဆောင်ရန် လိုအပ်သောအချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

① သတ်မှတ်ထားသည့် ငွေလွှဲဝန်ဆောင်မှုပေးသူ၏ ဝန်ဆောင်မှုဆိုင်ရာအချက်အလက်များကို စစ်ဆေးခြင်း
② အလုပ်ရှင်နှင့် တစ်ဦးချင်း သဘောတူညီချက်စသည
③ သတ်မှတ်ထားသည့် ငွေလွှဲဝန်ဆောင်မှုပေးသူသို့ အသုံးပြုရန် လျှောက်ထားခြင်း




## 1 သတ်မှတ်ထားသည့် ငွေလွှဲဝန်ဆောင်မှုပေးသူ၏ ဝန်ဆောင်မှုဆိုင်ရာအချက်အလက်များကို စစ်ဆေးခြင်း

- အလုပ်သမားစီမံခန့်ခွဲမှုဆိုင်ရာသဘောတူညီချက်တွင် သတ်မှတ်ထားသည့် သတ်မှတ်ထားသည့် ငွေလွှဲဝန်ဆောင်မှုပေးသူထဲမှ မည်သည့်ငွေလွှဲဝန်ဆောင်မှုပေးသူကို အသုံးပြုမည်အား စဉ်းစားကြရအောင်။သတ်မှတ်ထားသည့် ငွေလွှဲဝန်ဆောင်မှုပေးသူ အပေါ်မူတည်၍ ဝန်ဆောင်မှုဆိုင်ရာအချက်အလက်များသည် ကွဲပြားသောကြောင့် စဉ်းစားသည့်အချိန်တွင် သတ်မှတ်ထားသည့် ငွေလွှဲဝန်ဆောင်မှုပေးသူ အသီးသီး၏ ဝက်ဘ်ဆိုဒ်စသည်တို့ကို အသေးစိတ် ကြည့်ရှုလေ့လာပေးပါ။ တစ်ဖန် သတ်မှတ်ထားသည့် ငွေလွှဲဝန်ဆောင်မှုပေးသူအား တစ်ခုထက်ပိုပြီး ရွေးချယ်နိုင်ပါသည်။

**သတ်မှတ်ထားသည့် ငွေလွှဲဝန်ဆောင်မှုပေးသူကို စဉ်းစားရာတွင် ထည့်သွင်းစဉ်းစားရမည့်အချက်မှာ**

### ■ လုပ်ခလစာလက်ခံရယူသည့်အကောင့်(ငွေလွှဲဝန်ဆောင်မှုအကောင့်) တွင် အများဆုံးလက်ခံရယူနိုင်သည့် ပမာဏကန့်သတ်ချက်ရှိပါသည်။

အများဆုံးလက်ခံရယူနိုင်သည့် ပမာဏသည် ငွေလွှဲဝန်ဆောင်မှုပေးသူကိုလိုက်၍ ကွာခြားပါသည်။ လက်ခံရယူနိုင်သည့် ပမာဏကို ကျော်လွန်သွားပါက ပိုလျှံသည့်ပမာဏကို ဘဏ်စသည့် ငွေစုအကောင့်(သတ်မှတ်ထားသော အခြားအကောင့်)သို့ အလိုအလျောက် ထည့်သွင်းမည်ဖြစ်သည်။
တစ်ဖန် သတ်မှတ်ထားသော အခြားအကောင့်သို့ အလိုအလျောက်ထည့်သွင်းချိန်တွင် ကျသင့်သည့် ဝန်ဆောင်ခကို ကာယကံရှင်မှ ပေးဆောင်ရသည်မျိုးလည်း ဖြစ်နိုင်သည်။

### ■ အကောင့်မှ လက်ကျန်ငွေကို ထုတ်ယူခြင်း(ငွေထုတ်ခြင်း) နည်းလမ်း နှင့် ဝန်ဆောင်ခကို စစ်ဆေးကြည့်ရအောင်။

ATM နှင့် ဘဏ်အကောင့်သို့ ငွေထည့်သွင်းခြင်းအားဖြင့် အကောင့်လက်ကျန်ငွေကို ငွေသား (ငွေထုတ်ခြင်း) အဖြစ် လုပ်ဆောင်နိုင်သည်။
အနည်းဆုံးတစ်လလျှင် တစ်ကြိမ် ဝန်ဆောင်ခ မကျသင့်ဘဲ အကောင့်မှထုတ်ယူနိုင်ပါသည်။ တစ်ဖန် ငွေထည့်သွင်းသည့်လိပ်စာ နှင့် ဒုတိယအကြိမ်နောက်ပိုင်း၏ ဝန်ဆောင်ခသည် ငွေလွှဲဝန်ဆောင်မှုပေးသူကိုလိုက်၍ ကွာခြားပါသည်။

## 2 အလုပ်ရှင်နှင့် တစ်ဦးချင်း သဘောတူညီချက်စသည်

- အလုပ်ရှင်(သို့မဟုတ်သတ်မှတ်ထားသည့်ငွေလွှဲဝန်ဆောင်မှုပေးသူ)ထံမှလုပ်ခလစာကိုအီလက်ထရွန်းနစ်ဖြင့်လက်ခံရယူခြင်းနှင့် ပတ်သက်သည့်လိုအပ်ချက်များ၏ရှင်းလင်းချက်ကိုလက်ခံရယူပြီးမှအလုပ်ရှင်ထံသို့လုပ်ခလစာကိုအီလက်ထရွန်းနစ်ဖြင့် လက်ခံရယူရန်အတွက်သင့်၏သဘောတူညီစာတမ်းကိုတင်သွင်းပါ။တစ်ဖန်သဘောတူညီချက်နှင့်အတူသင်ဆုံးဖြတ်ထားသော အောက်ပါအချက်များကိုအလုပ်ရှင်သို့တင်ပြရန်လိုအပ်ပါသည်။

(1) လုပ်ခလစာကို ဒစ်ဂျစ်တယ်စနစ်ဖြင့် လက်ခံရယူမည့် လုပ်ခလစာ အတိုင်းအတာနှင့် ငွေပမာဏ

(2) သတ်မှတ်ထားသည့် ငွေလွှဲဝန်ဆောင်မှုပေးသူ (ဝန်ဆောင်မှု) အမည် နှင့် လုပ်ခလစာရမည့် အကောင့်၏အချက်အလက် (ဥပမာ - အကောင့်ID၊ ကိုင်ဆောင်သူ အမည်)

(3) ငွေစတင်လက်ခံရယူမည့်အချိန်ကာလ

(4) ဘဏ်အစရှိသည့် သတ်မှတ်ထားသော အခြားအကောင့်၏အချက်အလက် စသည်



သတ်မှတ်ထားသည့် ငွေလွှဲဝန်ဆောင်မှုလုပ်ငန်း၏ အကောင့်သည် “ငွေစုရန်” အတွက်မဟုတ်ဘဲ ငွေပေးချေမှု နှင့် ငွေလွှဲပြောင်းခြင်းများအတွက် အသုံးပြုရမည့်အရာများဖြစ်ကြောင်းကို သိရှိနားလည်းထားပြီး အသုံးပြုမှုမှတ်တမ်းများကို အခြေခံ၍ အမှန်တကယ်အသုံးပြုနိုင်ချေရှိသည့် ငွေပမာဏ ကို သတ်မှတ်၍ လုပ်ဆောင်ပေးပါ။

## 3 သတ်မှတ်ထားသည့် ငွေလွှဲဝန်ဆောင်မှုပေးသူသို့ အသုံးပြုရန် လျှောက်ထားခြင်း

- သတ်မှတ်ထားသည့် ငွေလွှဲဝန်ဆောင်မှုပေးသူထံသို့ အသုံးပြုရန် လျှောက်ထားခြင်းအတွက် အလုပ်ရှင်ထံမှ သဘောတူညီချက် ရယူပြီးနောက် သတ်မှတ်ထားသည့် ငွေလွှဲဝန်ဆောင်မှုပေးသူ၏ အက်ပလီကေးရှင်း(App)စသည်တို့မှ လုပ်ခလစာကို အဒစ်ဂျစ်တယ်စနစ်ဖြင့် ပေးချေမှုကို အသုံးပြုရန်လျှောက်ထားရအောင်။
- တစ်ဖန် သတ်မှတ်ထားသည့် ငွေလွှဲဝန်ဆောင်မှုပေးသူ သို့ အသုံးပြုရန်လျှောက်ထားပြီးပါကအလုပ်ရှင်ထံသို့ အစီရင်ခံရန် လိုအပ်သည့်အခါမျိုးလည်းရှိပါသည်။



သတ်မှတ်ထားသည့် လွှဲဝန်ဆောင်မှုပေးသူသည် ဒေဝါလီခံသည့်အချိန်တွင် အကောင့်လက်ကျန်ငွေကို ချက်ချင်း ပြန်အမ်းငွေ ရရှိနိုင်ရေးအတွက် အသုံးပြုရန် လျှောက်ထားရာတွင် အလုပ်သမားနှင့် အာမခံအဖွဲ့အစည်းကြားတွင် အာမခံစာချုပ်ကို ချုပ်ဆိုရပါမည်။

### လုပ်ထုံးလုပ်နည်းများက ဒီမှာတင် ပြီးပါပြီ။ နောက်စာမျက်နှာ၏ အကြောင်းအရာများကိုလည်း ကြည့်ရှုစစ်ဆေးပေးပါ။

တစ်ဖန် သတ်မှတ်ထားသည့် ငွေလွှဲဝန်ဆောင်မှုပေးသူကို လိုက်၍လုပ်ထုံးလုပ်နည်းများ ကွဲလွဲတတ်ပါသည်။ အသေးစိတ်ကို သတ်မှတ်ထားသည့် ငွေလွှဲဝန်ဆောင်မှုပေးသူ အသီးသီး၏ ဝက်ဘ်ဆိုဒ်စသည်တို့တွင် ကြည့်ရှုစစ်ဆေးပေးပါ။

## 2 သတ်မှတ်ထားသော အခြားအကောင့်၏ အချက်အလက်များကို အသစ်ဆုံး အနေအထားသို့ !

- သတ်မှတ်ထားသော အခြားအကောင့်သည် အကောင့်၏လက်ခံရယူနိုင်သည့် ပမာဏကို ကျော်လွန်သွားပါက ပိုလျှံသည့်ပမာဏကို အလိုအလျှောက် ထည့်သွင်းမည့် ငွေစုအကောင့်ဖြစ်ပြီးသည်။ ထို့အပြင် သတ်မှတ်ထားသည့် ငွေလွှဲဝန်ဆောင်မှုပေးသူသည် ဒေဝါလီခံသည့်အချိန်တွင် အကောင့်လက်ကျန်ငွေကို ပြန်လည်ရယူနိုင်မည့်အကောင့် ဖြစ်သည့်အတွက် အရေးကြီးပါသည်။
နာမည်ပြောင်းခြင်း၊ စာချုပ်ဖျက်သိမ်းခြင်းစသည်တို့ကြောင့် အသက်မဝင်တော့သည့် ငွေစုအကောင့်ကို စာရင်းသွင်းထားပါက အလိုအလျှောက် ငွေထည့်သွင်းခြင်းနှင့် ငွေပြန်အမ်းခြင်း တွင် အချိန်ကြာမြင့်တတ်ပါသည်။
အဲ့ဒီအတွက်ကြောင့် သတ်မှတ်ထားသောအခြားအကောင့်၏ အချက်အလက်များကို ပုံမှန်စစ်ဆေးကြရအောင်။
- တစ်ဖန် သတ်မှတ်ထားသော အခြားအကောင့်တွင် ပြောင်းလဲမှု ဖြစ်ပေါ်ပါက သတ်မှတ်ထားသည့် ငွေလွှဲဝန်ဆောင်မှုပေးသူထံ အစီရင်ခံပေးပါ။

## 3 လုပ်ခလစာကို ဒစ်ဂျစ်တယ်စနစ်ဖြင့် ပေးချေမှုအား ရပ်တန့်လိုသည့်အခါ နှင့် အလုပ်ပြောင်း၊ အလုပ်ထွက်သည့်အခါ・・・

- အလုပ်ရှင်အပြင် သတ်မှတ်ထားသည့် ငွေလွှဲဝန်ဆောင်မှုပေးသူထံသို့ အစီရင်ခံရန် လိုအပ်သည့်အခါမျိုးလည်း ရှိပါသည်။
- အာမခံအဖွဲ့အစည်းဖြင့် ချုပ်ဆိုထားသော အာမခံစာချုပ်နှင့်ပတ်သက်၍လည်း စာချုပ်ဖျက်သိမ်းနိုင်ခြေရှိပါသည်။ စာချုပ်ဖျက်သိမ်းခြင်း လုပ်ဆောင်ချက်အနေဖြင့် အာမခံအဖွဲ့အစည်းထံအကြောင်းကြား၊ အစီရင်ခံရန် လိုအပ်သည့်အခါမျိုးလည်း ရှိပါသည်။
※အသေးစိတ်ကို သတ်မှတ်ထားသည့် ငွေလွှဲဝန်ဆောင်မှုပေးသူထံတွင် အတည်ပြုပေးပါ။

## 4 အရေးပေါ်အခြေအနေများအတွက်・・・

### ■ မသမာသောငွေထုတ်ယူများ(မသိရှိလိုက်သောငွေထုတ်ယူခြင်း စသည်)ပေါ်ပေါက်သည့်အခါ

အကောင့်ပိုင်ရှင်တွင် အမှားအယွင်းမရှိပါကဆုံးရှုံးသွားသည့်ငွေပမာဏ၏အပြည့်အဝကို ပြန်လည်ပေးလျော်မည်ဖြစ်သည်။သို့သော် သတ်မှတ်အချိန်ကာလတစ်ခု(ဥပမာ-ဆုံးရှုံးမှုဖြစ်ပွါးသည့်နေ့မှ ရက်ပေါင်း၃၀)အတွင်း သတ်မှတ်ထားသည့် ငွေလွှဲဝန်ဆောင်မှုပေးသူထံသို့ အသိပေးရန် လိုအပ်သည့်အခါမျိုးလည်းရှိတတ်ပါသည်။
ထို့အတွက်ကြောင့် မသမာသောငွေထုတ်ယူမှုဖြစ်ပွားသည့်အခါ ငွေလွှဲဝန်ဆောင်မှုပေးသူထံသို့ အမြန်ဆုံးဆက်သွယ်မေးမြန်းပေးပါ။

### ■ ဝန်ဆောင်မှုပေးသူ ဒေဝါလီခံယူသည့်အခါ

အာမခံအဖွဲ့အစည်းဖြင့် ချုပ်ဆိုထားသည့် အာမခံစာချုပ်ကို အခြေခံ၍ လက်ကျန်ငွေကို လျင်မြန်စွာ ပြန်လည်ပေးချေမည်ဖြစ်သည်။ တစ်ဖန် ပြန်လည်ပေးချေရာတွင် အာမခံအဖွဲ့အစည်းထံမှ သတ်မှတ်ထားသောအကောင့်သို့ ပြန်အမ်းငွေကို ချေသည့်အခါမျိုးလည်းရှိသော်လည်း ကာယကံရှင်ထံမှ အာမခံအဖွဲ့အစည်းထံ တောင်းဆိုရန် လိုအပ်သည့်အခါမျိုးလည်းရှိတတ်ပါသည်။
※ အသေးစိတ်ကို သတ်မှတ်ထားသည့် ငွေလွှဲဝန်ဆောင်မှုပေးသူထံတွင် အတည်ပြုပေးပါ။

လူသား၊ နေထိုင်မှု၊ အနာဂတ်ကိုအတက်
ကျန်းမာရေး၊ အလုပ်သမားနှင့်
လူမှုဖူလုံရေး ဝန်ကြီးဌာန